Vol.2 (6), March 2022


Source: Seed Fair 2022

# စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ

## (Agriculture Market Bulletin)

## Market Information System

*စိုက်ပျိုးရေးဦးစီးဌာန*

"တိကျမြန်ဆန် ဈေးကွက်သတင်းမှန် တောင်သူများအတွက် ဖြန့်ဝေရန် စိတ်ချအားထား ဈေးနှုန်းများ တောင်သူများအား ဖြန့်ဝေသွား"

31st March, 2022

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(www.doa.gov.mm/mis/, doamisppme@gmail.com, + ၉၅ ၆၇ ၃၄၁၀၅၃၈)

## ပါဝင်သောအကြောင်းအရာများ

- ❖ ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ
  - ➢ နံ့စားသီးနှံ
  - ➢ ဆီထွက်သီးနှံ
  - ➢ ပဲမျိုးစုံ
  - ➢ စက်မှုကုန်ကြမ်းသီးနှံ
  - ➢ စားဖိုဆောင်သီးနှံ
  - ➢ အသား/ငါးနှင့်ဥအမျိုးမျိုး
- ❖ ပြည်တွင်းပြည်ပဈေးကွက်နှင့် လယ်ယာသတင်းအချက်အလက်များ

### ဈေးကွက်သတင်းအချက်အလက်များ

- ❖ ပေါ်ဆန်းနှင့် မနောသုခစပါးဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိခြင်း
- ❖ ဆီထွက်သီးနှံဖြစ်သည့် နှမ်း၊ မြေပဲနှင့် နေကြာ ဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိခြင်း
- ❖ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံစသည့် ပဲမျိုးစုံဈေးနှုန်းများ အနည်းငယ်မြင့်တက်လာခြင်း
- ❖ ချက်ကြံတစ်တန်ဈေးနှုန်းနှင့် ဝါ(ချည်မျှင်ရှည်)တစ်ပိဿာ ဈေးနှုန်းဖြစ်ပေါ်မှု
- ❖ ရော်ဘာတစ်ပေါင်ဈေးနှုန်း ဆက်လက်မြင့်တက်လျက်ရှိခြင်း
- ❖ ကြက်သွန်ဖြူဈေးနှုန်းငြိမ်နေသော်လည်း ကြက်သွန်နီ ဈေးနှုန်း မြင့်တက်လာခြင်း
- ❖ ငရုတ်အစိုဈေးနှုန်း အတက်အကျရှိနေသော်လည်း ငရုတ်အခြောက်ဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိခြင်း
- ❖ ခရမ်းချဥ်ဈေးနှုန်း သိသာစွာကျဆင်းသွားခြင်း
- ❖ မွေးမြူရေးဆိုင်ရာ အသား၊ ဥအမျိုးမျိုးနှင့် ငါး/ ပုဇွန်/ ဂဏန်းအမျိုးမျိုးတို့၏ ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေ

စာမျက်နှာ ၂ မှ ၄

## စိုက်ပျိုးရေးဆိုင်ရာနိုင်ငံတကာသတင်းများ

### ပြည်တွင်းပြည်ပလယ်ယာသတင်းများ

- ▪ မြန်မာနိုင်ငံတွင် စပါးခွံ၊ ဖွဲနုမှ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရန် စီစဉ်လျက်ရှိခြင်း
- ▪ မြန်မာ့ကြက်သွန်နီဈေးနှုန်းကျဆင်းမှုကြောင့် တောင်သူများထိခိုက်နစ်နာခြင်း
- ▪ ဓာတ်မြေသြဇာဈေးနှုန်းများ မြင့်တက်လာခြင်းသည် စားနပ်ရိက္ခာ ကုန်ဈေးနှုန်းမြင့်တက်မှုကို ပိုမိုဆိုးရွားစေခြင်း
- ▪ တိရစ္ဆာန်အစာအတွက် အာရှဆန် ဝယ်လိုအား မြင့်တက်လာမှုကြောင့် စားနပ်ရိက္ခာထောက်ပံ့ရေးဆိုင်ရာ စိုးရိမ်မှုများ မြင့်တက်လာခြင်း
- ▪ အိန္ဒိယနိုင်ငံတွင် စားသုံးဆီဈေးနှုန်းများ တဟုန်ထိုး မြင့်တက်လာ၍ စားသုံးသူများ ဝယ်ယူနိုင်ရန် ခက်ခဲလာခြင်း
- ▪ ရုရှား-ယူကရိန်းတင်းမာမှုများကြား Punjab ဈေးကွက်အတွင်းရှိ ဝါဈေးကွက်အခြေအနေ
- ▪ ရုရှား-ယူကရိန်းပဋိပက္ခကြောင့် ကမ္ဘာ့ကော်ဖီဈေးကွက်ကို ထိခိုက်လာ၍ အာရှကော်ဖီဈေးကွက်ရှိ ဗီယက်နမ်ကော်ဖီ ဈေးနှုန်းများ ကျဆင်းလာခြင်း

စာမျက်နှာ ၅ မှ ၈

- ♣ မြန်မာ့ပဲမျိုးစုံ တင်ပို့မှုအခြေအနေ
- ♣ ဆန်နှင့် စားသုံးဆီဈေးနှုန်းများ
- ♣ စိုက်ပျိုးရေးသွင်းအားစုဈေးနှုန်းများ

စာမျက်နှာ ၈ မှ ၈

# ဈေးကွက်သတင်း အချက်အလက်များ

## နှံစားသီးနှံ







### ပေါ်ဆန်းမွှေးနှင့် မနောသုခစပါး

- မတ်လဒုတိယ(၁၅)ရက်အတွင်း ပေါ်ဆန်းစပါး ဈေးနှုန်းမှာ ပဲခူးဈေးကွက်၌ပင် တစ်တင်းလျှင် (၁၆၀၀၀) ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးရှိနေပြီး ဈေးကွက်အားလုံး၏ ပျမ်းမျှတစ်တင်းဈေးနှုန်းအနေဖြင့် (၁၂၇၀၀) ကျပ်ရှိနေပါသည်။ မတ်လပထမ(၁၅)ရက်နှင့်နှိုင်းယှဉ်ကြည့်လျှင် ဈေးကွက်အတွင်းဈေးနှုန်းပြောင်းလဲမှုအနေဖြင့် တစ်တင်းလျှင် ၅၀၀ကျပ်မှ ၂၅၀၀ကျပ် (၄%မှ ၂၄%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိပြီး ဈေးကွက်အချို့တွင် ဈေးငြိမ်နေသည်ကို တွေ့ရှိရပါသည်။
- မတ်လဒုတိယ(၁၅)ရက်အတွင်း မနောသုခစပါးဈေးနှုန်းမှာ မကွေးဈေးကွက်၌ တစ်တင်းလျှင် (၉၂၀၀) ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးတွေ့ရှိရပြီး မတ်လပထမ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက ဈေးကွက်အတွင်း တစ်တင်းလျှင် ၆၀၀ကျပ်မှ ၁၂၀၀ကျပ်(၈%မှ ၁၆%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။
- မတ်လဒုတိယ(၁၅)ရက်အတွင်း စပါးဈေးနှုန်းအခြေအနေမှာ ဈေးကွက်အတွင်း အရောင်းအဝယ်အေး နေသော်လည်း စက်သုံးဆီဈေးနှုန်းကြီးမြင့်လာမှုကြောင့် သယ်ယူပို့ဆောင်စရိတ်များလာခြင်းနှင့် ပြည်တွင်းဈေးကွက်တွင်သာမက အာရှဈေးကွက်တွင်လည်း ဆန်ဈေးနှုန်းများ မြင့်တက်လျက်ရှိခြင်းတို့ကြောင့် စပါးဈေးနှုန်းမှာ ပြောင်းလဲမှုရှိနေခြင်းဖြစ်ကြောင်း သိရှိရပါ သည်။

### အစေ့ထုတ်ပြောင်း




- ▪မတ်လဒုတိယ(၁၅)ရက်အတွင်း အစေ့ထုတ်ပြောင်း ဈေးနှုန်းမှာ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက နေပြည်တော်နှင့်စစ်ကိုင်းတို့တွင် တစ်တင်းလျှင် (၁၀%)ခန့် ဈေးနှုန်းကျဆင်းခဲ့သော်လည်း ဈေးကွက်အများစုတွင် တစ်တင်းလျှင် ၁၅၀၀ကျပ်မှ ၅၂၀၀ကျပ် (၁၃%မှ ၅၂%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ဈေးနှုန်းအခြေအနေမှာ တရုတ်နိုင်ငံသို့ တင်ပို့ရန် ပို့ကုန်လိုင်စင်လျှောက်ထားရမည်ဖြစ်ခြင်းကြောင့် ဈေးနှုန်းအနည်းငယ်အပြောင်းအလဲရှိနေသော်လည်း ထိုင်းနိုင်ငံသို့ ယခုနှစ်ဩဂုတ်လကုန်အထိ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့ခွင့်ရှိနေခြင်းကြောင့် ပုံမှန်အရောင်းအဝယ်ဖြင့် ဈေးနှုန်းမြင့်တက်နေခြင်း ဖြစ်ကြောင်းသိရှိရပါသည်။ ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင်(၁၆၀၀၀)ကျပ် ရှိနေပါသည်။

# ဆီထွက်သီးနှံဈေးနှုန်းများ

## နှမ်း၊ မြေပဲ၊ နေကြာ

- မြေပဲ(အတောင့်)ဈေးနှုန်းမှာ မတ်လဒုတိယ(၁၅)ရက်အတွင်း စစ်ကိုင်းဈေးကွက်၌ တစ်တင်းလျှင် (၂၈၃၀၀) ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက မကွေးဈေးကွက်တွင် တစ်တင်းလျှင် (၁၀%)ခန့် ဈေးနှုန်းအနည်းငယ်ကျဆင်းခဲ့သော်လည်း ဈေးကွက်အတွင်း တစ်တင်းလျှင် ၉၀၀ ကျပ်မှ ၁၂၀၀၀ ကျပ်(၅% မှ ၈၀%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။
- မတ်လဒုတိယ(၁၅)ရက်အတွင်း နှမ်းနက်ဈေးနှုန်းမှာ စစ်ကိုင်းဈေးကွက်၌ တစ်တင်းလျှင် (၇၁၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပြီး မတ်လပထမ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက အချို့ဈေးကွက်များတွင် တစ်တင်းလျှင် ၂၀၀၀ ကျပ်မှ ၁၄၀၀၀ကျပ် (၅%မှ ၃၈%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိပြီး အချို့ဈေးကွက်များ၌ တစ်တင်းလျှင် ၃%မှ ၃၄% ခန့်အတွင်း ဈေးနှုန်းကျဆင်းကာ အချို့ဈေးကွက်များ၌ အမြင့်ဈေးနှုန်းဖြင့်ပင် ဈေးငြိမ်နေသည်ကို တွေ့ရှိရပါသည်။
- မတ်လဒုတိယ(၁၅)ရက်အတွင်း နှမ်းနက်ဈေးနှုန်း အခြေအနေမှာ တောင်သူများလက်ဝယ်တွင် နှမ်းလက်ကျန် မရှိတော့၍ ဈေးကွက်အတွင်းဝင်ရောက်မှု မရှိခြင်းကြောင့်လည်းကောင်း၊ ဆောင်းနှမ်းများ ဈေးကွက်အတွင်းမရှိသလောက်နည်းပါးကာ မိုးနှမ်းမှာလည်း ယခုနှစ်စက်တင်ဘာလခန့်မှသာဈေးကွက်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်မည်ဖြစ်၍ ပြည်တွင်းနှမ်းလက်ကျန် နည်းပါးလာခြင်းကြောင့်လည်းကောင်း ဈေးနှုန်းမြင့်တက်လျက်ရှိပါသည်။
- •နေကြာဈေးနှုန်းမှာ မတ်လဒုတိယ(၁၅)ရက်အတွင်း ပဲခူးဈေးကွက်၌ တစ်တင်းလျှင်(၃၅၀၀၀)ကျပ်ဖြင့် အမြင့်ဆုံးဖြစ်နေပြီး ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးကွက်အများစုတွင် တစ်တင်းလျှင် ၁၀၀၀ ကျပ်မှ ၁၀၀၀၀ကျပ်(၃%မှ ၄၀%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။




| ဈေးကွက်အမည် | မြေပဲ(အတောင့်)ဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | မတ်လ ပထမ(၁၅)ရက် | မတ်လ ဒုတိယ(၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၁၈၀၀၀ | ၂၅၀၀၀ | (+)၃၈.၈၉ |
| ရန်ကုန် | ၁၇၆၀၀ | ၁၈၅၀၀ | (+) ၅.၁၁ |
| မန္တလေး | ၁၂၀၀၀ | ၁၃၅၀၀ | (+)၁၂.၅၀ |
| မကွေး | ၁၃၅၀၀ | ၁၂၀၀၀ | (-)၁၁.၁၁ |
| ပဲခူး | ၁၅၀၀၀ | ၂၇၀၀၀ | (+)၈၀.၀၀ |
| စစ်ကိုင်း | ၂၈၃၀၀ | ၂၈၃၀၀ | ၀.၀၀ |
| ကချင် | ၂၀၀၀၀ | ၂၀၀၀၀ | ၀.၀၀ |
| ကရင် | ၁၆၀၀၀ | ၁၆၀၀၀ | ၀.၀၀ |
| ရခိုင် | ၂၀၀၀၀ | ၂၀၀၀၀ | ၀.၀၀ |
| ရှမ်း | ၁၄၀၀၀ | ၁၆၀၀၀ | (+)၁၄.၂၉ |



# ပဲမျိုးစုံ ဈေးကွက်

## ပဲတီစိမ်း




## မတ်ပဲ

| ဈေးကွက်အမည် | မတ်ပဲဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | မတ်လ ပထမ (၁၅)ရက် | မတ်လ ဒုတိယ (၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၄၄၀၀၀ | ၄၄၀၀၀ | ၀.၀၀ |
| ရန်ကုန် | ၅၅၀၀၀ | ၅၈၀၀၀ | (+)၅.၄၅ |
| မန္တလေး | ၄၁၀၀၀ | ၄၃၀၀၀ | (+)၄.၈၈ |
| မကွေး | ၄၀၀၀၀ | ၄၀၀၀၀ | ၀.၀၀ |
| ဧရာဝတီ | ၄၅၀၀၀ | ၄၅၀၀၀ | ၀.၀၀ |
| ပဲခူး | ၄၆၀၀၀ | ၄၆၀၀၀ | ၀.၀၀ |
| စစ်ကိုင်း | ၄၅၀၀၀ | ၄၅၀၀၀ | ၀.၀၀ |
| ကချင် | ၄၃၀၀၀ | ၄၅၀၀၀ | (+)၄.၆၅ |
| ကရင် | ၃၉၀၀၀ | ၃၁၀၀၀ | (-)၂၀.၅၀ |
| မွန် | ၄၄၀၀၀ | ၄၄၀၀၀ | ၀.၀၀ |
| ရခိုင် | ၄၂၀၀၀ | ၄၅၀၀၀ | (+)၇.၁၄ |

### ပဲတီစိမ်းနှင့်မတ်ပဲ

- ပဲတီစိမ်းဈေးနှုန်းမှာ မတ်လဒုတိယ(၁၅)ရက်အတွင်း၌ ရန်ကုန်ဈေးကွက်၌ပင် တစ်တင်းလျှင် (၆၀၀၀၀)ကျပ်ဖြင့် အမြင့်ဆုံးဖြစ်နေပါသည်။ မတ်လပထမ(၁၅)ရက်နှင့်နှိုင်းယှဉ်ကြည့်လျှင် ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် ရခိုင်ဈေးကွက်တို့၌ တစ်တင်းလျှင် ၁၀၀၀ ကျပ်မှ ၈၀၀၀ ကျပ်(၂%မှ ၂၁%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိပြီး ကျန်ဈေးကွက်များတွင် အမြင့်ဈေးနှုန်းဖြင့်ပင် ဈေးငြိမ်နေသည်ကို တွေ့ရှိရပါ သည်။
- မတ်လဒုတိယ(၁၅)ရက်အတွင်း မတ်ပဲဈေးနှုန်းမှာ ရန်ကုန်ဈေးကွက်၌ပင် တစ်တင်းလျှင် (၅၈၀၀၀)ကျပ်ဖြင့် အမြင့်ဆုံးရှိနေပြီး မတ်လပထမ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက ရန်ကုန်၊ မန္တလေး၊ ကချင်နှင့် ရခိုင်ဈေးကွက်တို့၌ တစ်တင်းလျှင် ၂၀၀၀ကျပ်မှ ၃၀၀၀ကျပ်(၄%မှ ၇%)ခန့် အတွင်း ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကျန်ဈေးကွက်များတွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိပါသည်။
- ပဲစဉ်းငုံဈေးနှုန်းမှာ မတ်လဒုတိယ(၁၅)ရက်အတွင်း ရှမ်းပြည်နယ်၌ တစ်တင်းလျှင် (၄၉၀၀၀)ကျပ်ဖြင့် အမြင့်ဆုံးဖြစ်နေပြီး ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက မန္တလေး၊ ပဲခူးနှင့် ကချင်ဈေးကွက်တို့၌ တစ်တင်းလျှင် ၂၀၀၀ကျပ်မှ ၉၅၀၀ကျပ်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့ပြီး မကွေးဈေးကွက်၌ တစ်တင်းလျှင် ၈၅၀၀ကျပ်ခန့် ဈေးနှုန်းကျဆင်းကာ ကျန်ဈေးကွက်များတွင် အမြင့်ဈေးနှုန်း ဖြင့်ပင် ဈေးငြိမ်နေပါသည်။
- မတ်လဒုတိယ(၁၅)ရက်အတွင်း ပဲမျိုးစုံဈေးနှုန်းအခြေအနေမှာ အိန္ဒိယနိုင်ငံတွင် ပဲလိုအပ်ချက်ရှိနေသဖြင့် တင်ပို့ခွင့်ကာလအား သက်တမ်းတိုးနိုင်သည့် အလားအလာရှိနေခြင်းကြောင့် အမြင့်ဈေးနှုန်းဖြင့် ရောင်းချနိုင်ရေး ပြည်တွင်း၌ပင် အမြင့်ဈေးနှုန်းဖြင့် မတ်ပဲဝယ်ယူသိုလှောင်မျှားမှုရှိနေခြင်း၊ ပဲစင်းငုံမှာလည်း ပြည်တွင်း၌ လက်ကျန်နည်းလာခြင်း၊ ပဲတီစိမ်းမှာလည်း အိန္ဒိယတွင် ဈေးနှုန်းမြင့်တက်မှုကြောင့် ပြည်တွင်း ပဲတီစိမ်းဈေးနှုန်းမှာလည်း ပြောင်းလဲမှုရှိနေသည့်အပြင် တရုတ်သို့ တင်ပို့မှုလည်းရှိနေရာ ဝယ်ယူမှုသွက်လာခြင်းတို့ကြောင့် ပြည်ပတင်ပို့လျက်ရှိသည့် ပဲမျိုးစုံဈေးနှုန်းများမှာ သိသာစွာပြောင်းလဲမှုမရှိသော်လည်း အမြင့်ဈေးနှုန်းဖြင့် ငြိမ်နေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

## ပဲစင်းငုံ




# စက်မှုကုန်ကြမ်းသီးနှံ

## ဝါ(ချည်မျှင်ရှည်)




- မတ်လဒုတိယ(၁၅)ရက်အတွင်း ဝါ(ချည်မျှင်ရှည်) တစ်ပိဿာဈေးနှုန်းမှာ (၂၂၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပြီး ပျမ်းမျှဈေးနှုန်းအနေဖြင့် တစ်ပိဿာလျှင် (၁၈၈၃)ကျပ်ရှိပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက နေပြည်တော်၊ စစ်ကိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် တစ်ပိဿာလျှင် ၂၀၀ ကျပ်မှ ၄၀၀ ကျပ်အတွင်း ဈေးနှုန်းမြင့်တက်လာပြီး မကွေးနှင့် မန္တလေးနှင့် ပဲခူး ဒေသများ၌ ဝါဈေးနှုန်းငြိမ်နေပါသည်။

## ချက်ကြံ

- မတ်လဒုတိယ(၁၅)ရက်အတွင်း ချက်ကြံဈေးနှုန်းအခြေအနေမှာ ကြံစိုက်ဒေသအများစုရှိ သကြားစက်ရုံများ အနေဖြင့် ယခုနှစ်အတွက် ကြံကြိတ်ဝါးရာသီ ပြီးဆုံးသွားပြီဖြစ်ပြီး ဒေသအားလုံး၏ စက်သွင်းကြံပျမ်းမျှဈေးနှုန်းအနေဖြင့် တစ်တန်လျှင် (၅၀၀၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ပဲခူးနှင့် ရှမ်းပြည်နယ်တို့၌ တစ်တန်လျှင် (၂၀၀၀)ကျပ်နှင့် (၃၀၀၀)ကျပ်ခန့် ဈေးနှုန်းမြင့်တက်ကာ စစ်ကိုင်းဒေသတွင် တစ်တန်လျှင် (၁၅၀၀၀)ကျပ် ဈေးနှုန်းကျဆင်းသွားပါသည်။




## ရော်ဘာ

### မတ်လဒုတိယ(၁၅)ရက်အတွင်း RSS-3 ရော်ဘာ တစ်ပေါင်ဈေးနှုန်း ပြောင်းလဲမှုအခြေအနေ




Source: Perennial Crops Division, DoA

- RSS-3 ရော်ဘာတစ်ပေါင်ဈေးနှုန်းသည် မတ်လဒုတိယ(၁၅)ရက်အတွင်း တနင်္သာရီဒေသ၌ (၁၂၆၇)ကျပ်မှ (၁၃၃၅)ကျပ်အတွင်း၊ မွန်ပြည်နယ်၌ (၁၁၈၁) ကျပ်မှ (၁၂၀၆)ကျပ်အတွင်း၊ ကရင်ပြည်နယ်၌ (၁၁၆၆)ကျပ်မှ (၁၁၉၅)ကျပ်အတွင်း အသီးသီးဈေးနှုန်း ဖြစ်ပေါ်လျက်ရှိပြီး ဒေသသုံးခု၏ပျမ်းမျှဈေးနှုန်းအနေဖြင့် တစ်ပေါင်လျှင်(၁၂၂၅)ကျပ်ရှိနေပါသည်။
- ရော်ဘာဈေးနှုန်းအခြေအနေမှာ ယခင်နှစ် စက်တင်ဘာလခန့်မှစ၍ ရော်ဘာစိုက်ပျိုးမှုများ ပြန်လည်လုပ်ဆောင်လာပြီး ဈေးကွက်အတွင်း ရော်ဘာကုန်ကြမ်းရရှိမှုများပြားလာသော်လည်း ဈေးကွက်ဝယ်လိုအားနှင့် နိုင်ငံတကာငွေလဲလှယ်နှုန်းများ မြင့်တက်နေခြင်းကြောင့်လည်းကောင်း၊ တရုတ်နိုင်ငံမှ ခိုင်မာသောဝယ်လိုအားရှိနေခြင်းကြောင့်လည်းကောင်း ဈေးနှုန်းဆက်လက်မြင့်တက်နေခြင်းဖြစ်ပါကြောင်း သိရှိရပါသည်။

# စားဖိုဆောင်သီးနှံ

## ကြက်သွန်နီ




❖ မတ်လဒုတိယ(၁၅)ရက်အတွင်း ဈေးကွက်အတွင်းရှိ ကြက်သွန်နီပျမ်းမျှတစ်ပိဿာဈေးနှုန်းမှာ (၁၁၃၅)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက မန္တလေးဈေးကွက်တွင် တစ်ပိဿာလျှင် ၄၀၀ကျပ် (၃၂%)ခန့် ဈေးနှုန်းအနည်းငယ်ကျဆင်းခဲ့သော်လည်း ဈေးကွက်အများစုတွင် တစ်ပိဿာလျှင် ၁၀၀ ကျပ်မှ ၅၀၀ကျပ်(၈%မှ ၇၁%)ခန့်အတွင်း ဈေးနှုန်းမြင့်တက် လျက်ရှိပါသည်။ ကြက်သွန်နီအသစ်များ ဈေးကွက် အတွင်းဝင်ရောက်မှုရှိနေသော်လည်း မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများရှိနေရာ အဝင်နည်းနေပြီး ယခင် လက်ကျန်အဟောင်းများသာ ဈေးနှုန်းမြင့်တက်နေခြင်း ဖြစ်ကြောင်း သိရှိရပါသည်။

## ကြက်သွန်ဖြူ

| ဈေးကွက်အမည် | ကြက်သွန်ဖြူဈေးနှုန်း (ကျပ်/ပိဿာ) | | |
|---|---|---|---|
| | မတ်လ ပထမ (၁၅)ရက် | မတ်လ ဒုတိယ (၁၅)ရက် | ခြားနားချက် (%) |
| နေပြည်တော် | ၃၈၀၀ | ၄၀၀၀ | (+)၅.၂၆ |
| ရန်ကုန် | ၅၀၀၀ | ၅၀၀၀ | ၀.၀၀ |
| မန္တလေး | ၄၃၀၀ | ၃၃၅၀ | (-)၂၂.၀၉ |
| မကွေး | ၃၂၀၀ | ၃၅၀၀ | (+)၉.၃၈ |
| ပဲခူး | ၃၂၀၀ | ၅၀၀၀ | (+)၅၆.၂၅ |
| ဧရာဝတီ | ၃၅၀၀ | ၅၀၀၀ | (+)၄၂.၈၆ |
| စစ်ကိုင်း | ၄၀၀၀ | ၄၅၀၀ | (+)၁၂.၅၀ |
| တနင်္သာရီ | ၅၀၀၀ | ၅၀၀၀ | ၀.၀၀ |
| ကချင် | ၄၅၀၀ | ၄၅၀၀ | ၀.၀၀ |
| ကရင် | ၄၅၀၀ | ၅၀၀၀ | (+)၁၁.၁၁ |
| မွန် | ၄၀၀၀ | ၅၀၀၀ | (+)၂၅.၀၀ |
| ရခိုင် | ၄၃၀၀ | ၄၃၀၀ | ၀.၀၀ |
| ရှမ်း | ၃၂၀၀ | ၄၀၀၀ | (+)၂၅.၀၀ |

○ မတ်လဒုတိယ(၁၅)ရက်အတွင်း ကြက်သွန်ဖြူ တစ် ပိဿာ ပျမ်းမျှဈေးနှုန်းမှာ (၄၄၇၃)ကျပ်ရှိနေပြီး ယခင် (၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက မန္တလေးဈေးကွက် ၌သာ တစ်ပိဿာလျှင် ၉၅၀ကျပ်ခန့် ဈေးနှုန်းကျဆင်း သွားသော်လည်း ဈေးကွက်အတွင်းသို့ဝင်ရောက်မှုနည်း နေခြင်းကြောင့် ဈေးကွက်အများစုတွင် တစ်ပိဿာလျှင် ၂၀၀ကျပ်မှ ၁၈၀၀ကျပ်(၉%မှ ၅၆%)ခန့်အတွင်း ဈေး နှုန်းမြင့်တက်လျက်ရှိနေပါသည်။

## ခရမ်းချဉ်




○ ခရမ်းချဉ်ဈေးနှုန်းမှာ မတ်လဒုတိယ(၁၅)ရက်အတွင်း ရခိုင်ပြည်နယ်၌ တစ်ပိဿာလျှင်(၁၂၀၀)ကျပ်ဖြင့် ဈေး နှုန်းအမြင့်ဆုံးရှိနေပြီး ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်း ယှဉ်ပါက ဈေးကွက်အားလုံး၌ တစ်ပိဿာလျှင် ၁၀၀ ကျပ်မှ ၂၃၀၀ကျပ် (၁၂%မှ ၇၆%)ခန့်အတွင်း ဈေးနှုန်း ကျဆင်းလျက်ရှိသည်ကို တွေ့ရှိရပါသည်။

## ငရုတ်(အစို)




○ ငရုတ်(အစို)ဈေးနှုန်းမှာ မတ်လဒုတိယ(၁၅)ရက်အတွင်း နေပြည်တော်ဈေးကွက်၌ တစ်ပိဿာလျှင် အများဆုံး (၉၀၀၀)ကျပ်ရှိနေပြီး မတ်လပထမ(၁၅)ရက်နှင့် နှိုင်း ယှဉ်ပါက အချို့ဈေးကွက်များတွင် တစ်ပိဿာလျှင် ၁၀၀ကျပ်မှ ၃၀၀၀ကျပ်(၇% မှ ၈၅%)ခန့်အတွင်း ဈေး နှုန်းမြင့်တက်လျက်ရှိပြီး ဈေးကွက်အချို့၌ တစ်ပိဿာ လျှင် ၃၀၀ကျပ် မှ ၁၀၀၀ကျပ် (၁၄%မှ ၄၀%)ခန့် ဈေး နှုန်းကျဆင်းကာ အချို့ဈေးကွက်တွင် ဈေးငြိမ်လျက် ရှိနေပါသည်။ ငရုတ်အသစ်များ ဈေးကွက်အတွင်းသို့ ဆက်တိုက် ဝင်ရောက်မှုရှိနေခြင်းကြောင့် ဈေးနှုန်း ပြောင်းလဲမှု ရှိနေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

## ငရုတ်(အခြောက်)




○ ငရုတ်(အခြောက်)ဈေးနှုန်းမှာ မတ်လဒုတိယ(၁၅)ရက် အတွင်း နေပြည်တော်ဈေးကွက်၌ တစ်ပိဿာလျှင် အမြင့်ဆုံး (၁၂၀၀၀)ကျပ်ရှိနေပြီး ယခင်(၁၅)ရက်ဈေး နှုန်းနှင့်နှိုင်းယှဉ်ပါက မန္တလေးဈေးကွက်မှလွဲ၍ ကျန် ဈေးကွက်အများစုတွင် တစ်ပိဿာလျှင် ၉၀၀ကျပ်မှ ၃၀၀၀ကျပ်(၁၄% မှ ၃၅%)ခန့်အတွင်း ဈေးနှုန်းမြင့် တက်လျက်ရှိပါသည်။

# အသား/ ငါးနှင့် ဥအမျိုးမျိုး

## ၂၀၂၂ခုနှစ် မတ်လဒုတိယ(၁၅)ရက်အတွင်း ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးကွက်ပေါက်ဈေး(ကျပ်/ယူနစ်) | | | |
|---|---|---|---|---|---|
| | | နေပြည်တော် | ရန်ကုန် | မန္တလေး | ရခိုင် |
| **ငါးအမျိုးမျိုး** | | | | | |
| ငါးသလောက် | ပိဿာ | ၁၅၀၀၀ | ၅၀၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ငါးကြင်း(ဖြူ) | ॥ | ၈၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | - |
| ငါးကြင်း(နီ) | ॥ | ၇၀၀၀ | ၆၀၀၀ | ၃၀၀၀ | - |
| ငါးမြင်း | ॥ | ၁၀၀၀၀ | - | - | - |
| ငါးတန် | ॥ | ၇၀၀၀ | ၈၀၀၀ | ၃၅၀၀ | ၁၁၅၀၀ |
| ငါးခူ | ॥ | ၁၀၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၂၀၀၀ |
| ငါးကျည်း | ॥ | ၁၀၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | - |
| ငါးရံ့ | ॥ | ၁၀၀၀၀ | ၁၅၀၀၀ | - | ၇၀၀၀ |
| ကကတစ် | ॥ | ၁၅၀၀၀ | ၁၅၀၀၀ | - | ၁၂၀၀၀ |
| တီလားပီးယား | ॥ | ၅၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၇၀၀၀ |
| ပြည်ကြီးငါး | ॥ | ၁၇၀၀၀ | ၃၀၀၀၀ | - | ၁၀၅၀၀ |
| ကင်းမွန် | ॥ | ၁၅၀၀၀ | ၂၀၀၀၀ | - | ၈၅၀၀ |
| **ပုဇွန်အမျိုးမျိုး** | | | | | |
| ပုစွန်ထုပ်ကြီး | ॥ | ၃၀၀၀၀ | ၃၆၀၀၀ | ၃၂၀၀၀ | ၃၅၀၀၀ |
| ပုစွန်ဂျော့ | ॥ | ၁၅၀၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၄၀၀၀ |
| ပုစွန်ဆိတ် | ॥ | ၇၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၈၀၀၀ |
| **ကဏန်းအမျိုးမျိုး** | | | | | |
| ကဏန်းပျော့ | ॥ | ၁၆၀၀၀ | - | ၁၀၀၀၀ | ၁၃၅၀၀ |
| ကဏန်းမာ | ॥ | ၈၅၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၆၀၀၀ |
| **အသားအမျိုးမျိုး** | | | | | |
| ကြက်(စီပီ) | ပိဿာ | ၉၅၀၀ | ၈၀၀၀ | ၈၀၀၀ | ၁၂၀၀၀ |
| ကြက်(ဒေသ) | ॥ | ၁၃၅၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ |
| ဘဲ | ॥ | ၁၃၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၁၂၀၀၀ |
| ဝက် | ॥ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ |
| အမဲ | ॥ | ၁၃၀၀၀ | ၁၅၀၀၀ | ၁၄၅၀၀ | ၂၂၀၀၀ |
| ဆိတ် | ॥ | ၁၅၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ |
| **ဥအမျိုးမျိုး** | | | | | |
| ကြက် | လုံး | ၁၅၀ | ၁၅၀ | ၁၄၀ | ၂၀၀ |
| ဘဲ | ॥ | ၁၈၀ | ၂၅၀ | ၂၀၀ | ၂၀၀ |
| ငုံး | ॥ | ၃၀ | ၃၀ | ၃၀ | ၂၀ |

Source: ငါးလုပ်ငန်းဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

# ပြည်တွင်း ပြည်ပ လယ်ယာသတင်းများ

## ပြည်တွင်းသတင်းများ

### မြန်မာနိုင်ငံတွင် စပါးခွံ၊ ဖွဲနုမှ တန်ဖိုးမြင့် ထုတ်ကုန်များထုတ်လုပ်ရန် စီစဉ်လျက်ရှိခြင်း

- ❖ စပါးကြိတ်ခွဲခြင်းမှ ရရှိလာသော စပါးခွံနှင့်ဖွဲနုတို့ကို တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်ရန် စီစဉ်လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)၏ ပြောကြားချက်အရ သိရှိရပါကြောင်း၊
- ❖ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အဖြစ် စပါးခွံဓါတ်အားပေးစက်ရုံနှင့် ဖွဲနုဆီစက်ရုံများ ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ စိတ်ပါဝင်စားသူများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အသင်းဝင်ကုမ္ပဏီများသည် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ(MRF–R&D Committee)မှ တစ်ဆင့် တည်ဆောက်ရေးစီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ထည့်သွင်းနိုင်သည်ဟု MRF မှ ထုတ်ပြန်ထားခဲ့ကြောင်း၊
- ❖ အဆိုပါ တန်ဖိုးမြင့်စီမံကိန်းများသည် အစိမ်းရောင်လျှပ်စစ်ဓါတ်အားထုတ်လုပ်ရေး၊ စားသုံးဆီကဏ္ဍနှင့် အစားအစာပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းများအတွက် အထောက်အကူ ပြုစေသည့်အပြင် ၎င်းမှ အလုပ်အကိုင်အခွင့်အလမ်းများ၊ နည်းပညာတိုးတက်မှုနှင့် စီးပွားရေးဆိုင်ရာအကျိုးအမြတ်ရရှိမှု စသည့်အကျိုးကျေးဇူးများလည်း ရရှိနိုင်ကြောင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သည် အဆိုပါရင်းနှီးမြှုပ်နှံသူများကို ကာလလတ်၊ ကာလရှည် စီမံကိန်း ငွေကြေးထောက်ပံ့မှုများရရှိရန်နှင့် နည်းပညာ ဆိုင်ရာအကူအညီများရရှိရန်အတွက် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးမည်ဖြစ်ကောင်း၊
- ❖ ဆန်နှင့်ဆန်ထွက်ပစ္စည်းတင်ပို့မှုများကို အမျိုးသားပို့ကုန်မဟာဗျူဟာ(NES)တွင် အဓိကပို့ကုန် အမျိုးအစားများအဖြစ် ခွဲခြားထားပြီး NES၏ စီမံချက်များနှင့်အညီ ပို့ကုန်များအမျိုးအစားပိုမို ကွဲပြားစေရန် MRF သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့နှင့် စားသုံးသူရေးရာဦးစီးဌာနတို့နှင့်အတူ ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊
- ❖ MRF သည် ရေရှည်တည်တံ့သော ဆန်စပါး တန်ဖိုးကွင်းဆက်ဖြစ်ပေါ်လာစေရန်၊ ဆန်ကြိတ်ခွဲမှုတိုးတက်လာပြီး ပေါင်းဆန်များထုတ်လုပ်မှု အရေအတွက် တိုးမြင့်လာစေရန်၊ စပါးအခြောက်ခံစက်များ အသုံးပြုမှုမြှင့်တင်ရန်၊ အရည်အသွေးမြင့်ဆန်နှင့် အကျိုးအကြေမရှိသောဆန်များနှင့် စပါးခွံတို့မှ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်မှု တိုးတက်လာစေရန်အတွက် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းနှင့် ပြည်တွင်းပြည်ပ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်များပူးပေါင်း၍ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊
- ❖ အသင်းချုပ်မှ ဖွဲ့စည်းထားသော မြန်မာနိုင်ငံလယ်ယာ စီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက် Myanmar Agribusiness Public Corporation(MAPCO)သည် ကျိုက်လတ်နှင့်မြောင်းမြမြို့နယ်များရှိ Boiler Turbine အခြေပြု စပါးခွံဓါတ်အားပေးစက်ရုံများကဲ့သို့သော ရှေ့ပြေးစီမံကိန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊
- MRF ဥက္ကဋ္ဌဦးရဲမင်းအောင်မှ ဆန်စပါးလုပ်ငန်းမှ နှစ်စဉ်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် (၇၀၀၀) ဘီလီယံရှိကြောင်း၊ MRF သည် ပြည်တွင်းအသားတင် ထုတ်ကုန်တိုးမြင့်လာစေရန် ကြိုးပမ်းလျက်ရှိပြီး ကုန်သွယ်မှုမြှင့်တင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုများကို လုပ်ငန်းရှင်များမှ ဦးဆောင်ခြင်းဖြင့် မြှင့်တင်ရန်ကြိုးပမ်းလျက်ရှိပြီး ကပ်ရောဂါကာလအတွင်း အဖွဲ့ချုပ်သည် တစ်စကေစပါးအထွက်နှုန်းကို တိုးမြှင့်ရန်အပြင် ဆန်စက်များမှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများမှတဆင့် တန်းဘိုးမြင့်ပစ္စည်းများထုတ်လုပ်ကာ သွင်းကုန် အစားထိုးနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ဆန်စပါးကဏ္ဍမှ ပြည်တွင်းထုတ်လုပ်မှုနှင့် အလုပ်အကိုင်ဖန်တီးရေးကြိုးပမ်းမှုသည် နိုင်ငံ၏ GDP ကို အတိုင်းအတာတစ်ခုအထိ အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း (၈.၃.၂၀၂၂)တွင် ထုတ်ပြန်ခဲ့သည့် Global New Light of Myanmar ကွန်ယက်၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

ဒေါ်မြတ်ဖူးငုံဦး၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.gnlm.com.mm/plan-underway-to-manufacture-value-added-products-from-rice-husk-rice-bran/#article-title

### ကြက်သွန်နီဈေးနှုန်းကျဆင်းမှုကြောင့် တောင်သူများထိခိုက်နစ်နာခြင်း

- ❖ ယခုလအစောပိုင်းတွင် ပွင့်ဖြူမြို့နယ်ရှိ ကြက်သွန်နီဈေးကွက်ကျဆင်းမှုကြောင့် ကြက်သွန်နီစိုက်ပျိုးသူများ အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း၊
- ❖ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်ရှိ စိုက်ပျိုးရေးလုပ်ကိုင်သူများသည် မဲဇလီလွှဲဆည်နှင့် မြေအောက်ရေကိုအသုံးပြု၍ တစ်နှစ်ပတ်လုံး စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြောင်း၊ အထွက်နှုန်းမြင့်မားသော်လည်း ဈေးနှုန်းကျဆင်းလာမှုကြောင့် ကြက်သွန်စိုက်ပျိုးသူများ အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း၊
- ❖ ပွင့်ဖြူဒေသတွင် ကြက်သွန်နီကို မုတ်သုံရာသီနှင့် ဆောင်းရာသီတွင် အဓိက စိုက်ပျိုးကြ ကြောင်း၊ တစ်ဧကလျှင် ပိဿာ(၃၀၀၀)မှ(၄၀၀၀) (တစ်ပိဿာ ၁.၆ ကီလိုဂရမ်ညီမျှ)ခန့် ထွက်ရှိကြောင်း၊ ယခင်နှစ်တွင် ကြက်သွန်နီတစ်ပိဿာလျှင် ကျပ်(၁၅၀၀)မှ (၁၆၀၀)ထိ ပေါက်ဈေးရှိခဲ့သောကြောင့် စိုက်ပျိုးသူများကျေနပ်ခဲ့ကြကြောင်း၊
- ❖ ယခုလက်ရှိပေါက်ဈေးသည် တစ်ပိဿာလျှင် ကျပ် (၃၀၀)မှ(၄၀၀)ပေါက်ဈေးရှိသောကြောင့် သွင်းအားစုကုန်ကျစရိတ်အား ကာမိနိုင်မည်မဟုတ်ကြောင်း စိုက်ပျိုးသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရကြောင်း၊
- ❖ ကြက်သွန်နီစိုက်ပျိုးစရိတ်မှာ တစ်ဧကလျှင် ကျပ်(၁) သိန်းဝန်းကျင်ရှိပြီး ပွင့်ဖြူမြို့နယ်တွင် နေထိုင်ကြသူများသည် ကြက်သွန်နီဈေးနှုန်းမြင့်တက်လာရန် မျှော်လင့်လျက်ရှိကြကြောင်း၊ ပြည်ပဝယ်လိုအား အေးသောကြောင့် ကြက်သွန်နီဈေးကွက် အရောင်းအဝယ်နှေးနေကြောင်း ကြက်သွန်နီကုန်သည်တစ်ဦး၏ ပြောကြားချက်အရ သိရှိရကြောင်း၊
- ❖ (၂၀၂၀)ခုနှစ်အစောပိုင်းတွင် ကြက်သွန်နီတစ်ပိဿာလျှင် ကျပ်(၁၂၀၀)မှ (၁၃၀၀)အထိ ရှိခဲ့ကြောင်း၊ ကြက်သွန်နီစိုက်ပျိုးသူများနှင့် ကုန်သည်များသည် ကိုဗစ်-၁၉ကပ်ရောဂါရိုက်ခတ်မှုကြောင့် ဈေးကွက်ကျဆင်းမှုများနှင့် ကြုံတွေ့နေရကြောင်း၊ ယင်းနောက် ဘင်္ဂလားဒေ့ရှ် နိုင်ငံ၏ ကြက်သွန်နီဝယ်လိုအားမြင့်မားခြင်းနှင့်အတူ ပြည်တွင်းဈေးကွက်တွင် ကြက်သွန်နီဝယ်လိုအား မြင့်မားခဲ့ကာ (၂၀၁၉)ခုနှစ်၊ နိုဝင်ဘာ(၁၅)ရက်နေ့တွင် ကြက်သွန်နီတစ်ပိဿာလျှင် (၄,၀၀၀)ကျပ်အထိ ဈေးတက်ခဲ့ကြောင်း မန္တလေးကုန်စည်ဒိုင်မှ သိရှိရကြောင်း၊
- ❖ (၂၀၂၀)ခုနှစ်တွင်ပြည်ပဈေးကွက်များ၏ ဝယ်လိုအားမြင့်မားလာမှုနှင့် ဈေးနှုန်းသိသိ သာသာမြင့်တက်လာမှုတို့ကြောင့် ကြက်သွန်စိုက်ပျိုးသူများအနေဖြင့် တိုးချဲ့စိုက်ပျိုးလျက် ရှိကြသော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါသည် ကြက်သွန်နီဈေးကွက်ကို ပိုမိုဆိုးဝါးစွာထိခိုက်လာကြောင်း သိရှိရကြောင်း၊
- (၂၀၁၅)ခုနှစ်၊ (၂၀၁၈)ခုနှစ်နှင့်(၂၀၁၉)ခုနှစ်များတွင် ပြည်တွင်းကြက်သွန်နီဈေးနှုန်းများအနေဖြင့် တစ်ပိဿာလျှင် ကျပ်(၃၀၀၀)ကျော်ရှိခဲ့ပါကြောင်း၊ ကြက်သွန်နီကို မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော်နှင့် ရှမ်းပြည်နယ်တို့တွင် အဓိကစိုက်ပျိုးကြကြောင်း (၇.၃.၂၀၂၂) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော Global New Light of Myanmar ကွန်ယက်၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

ဒေါ်ဟေမာန်အောင်မင်း၊ စိုက်ပျိုးရေးဦးစီးဌာန

Source: http://www.gnlm.com.mm/onion-market-fallout-hits-growers/#article-title

# ပြည်ပသတင်းများ

## ဓာတ်မြေသြဇာဈေးနှုန်းများ မြင့်တက်လာခြင်းသည် စားနပ်ရိက္ခာ ကုန်ဈေးနှုန်း မြင့်တက်မှုကို ပိုမိုဆိုးရွားစေခြင်း

- ♣ ရုရှားနိုင်ငံမှ မြေသြဇာထုတ်လုပ်မှု ကသောင်းကနင်းဖြစ်မှုကြောင့် မြေသြဇာဈေးနှုန်းများ ဆက်လက်မြင့်တက်နေသဖြင့် အစိုးရအနေဖြင့် အရေးကြီးသောသီးနှံအာဟာရများရရှိရန် ကြိုးပမ်းနေကြရပြီး ကမ္ဘာ့စားနပ်ရိက္ခာကုန်ဈေးနှုန်းများ စံချိန်တင်မြင့်တက်မည်ကို စိုးရိမ်လာကြကြောင်း၊
- ♣ မြောက်အမေရိက Green Markets ဓာတ်မြေသြဇာအညွှန်းကိန်းသည် (၁၁.၃.၂၀၂၂) ရက်နေ့တွင် အမြင့်ဆုံးစံချိန်တင်အသစ်သို့ (၁၆)ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး New Orleans တွင် အသုံးများသော ယူရီးယား၏ ဈေးနှုန်းများသည် (၂၂)ရာခိုင်နှုန်း စံချိန်တင်မြင့်တက်ခဲ့ပြီး ဘရာဇီးတွင် ပိုတက်ဆီယမ် အညွှန်းကိန်းသည် (၃၄)ရာခိုင်နှုန်း စံချိန်တင်မြင့်တက်ခဲ့ကြောင်း၊
- ♣ ရုရှားနိုင်ငံသည် အဓိကသီးနှံအာဟာရအမျိုးအစားများကို ကုန်ကျစရိတ်သက်သာစွာဖြင့် တင်ပို့ရောင်းချသောနိုင်ငံဖြစ်ပြီး ဓါတ်မြေသြဇာပြတ်လပ်မည်ကို စိုးရိမ်မှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် ပြည်တွင်း ဓာတ်မြေသြဇာထုတ်လုပ်သူများကို တင်ပို့မှုလျှော့ချရန် ယခုလအစောပိုင်းတွင်အစိုးရမှတိုက်တွန်းခဲ့ကြောင်း၊
- ♣ တစ်ချိန်တည်းမှာပင် ပဋိပက္ခသည်သန်နှင့်ချီသော ငတ်မွတ်မှုကိုဖြစ်ပေါ်စေသောကြောင့် ဂျုံနှင့်ပြောင်းကဲ့သို့သော အဓိကကောက်ပဲသီးနှံများ၏ ဈေးနှုန်းများသည်လည်း မြင့်တက်လျက်ရှိပြီး ပုံမှန်အားဖြင့် ရုရှားနိုင်ငံမှ တင်သွင်းမည့်နိုင်ငံများသည် ထောက်ပံ့မှုလုံခြုံစေရန်လုပ်ဆောင်လျက်ရှိကြကြောင်း၊
- ♣ ထိပ်တန်းမြေသြဇာတင်သွင်းသည့် ဘရာဇီးနိုင်ငံသည် ရုရှားအပေါ်ချမှတ်ထားသော ပိတ်ဆို့အရေးယူမှုများမှ သီးနှံအာဟာရများမပါဝင်စေရန် လာမည့် သီတင်းပတ်တွင်ပြုလုပ်မည့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အစည်းအဝေး၌ အဆိုတင်သွင်းမည်ဖြစ်ပြီး အဆိုပါအစီအစဉ်ကို အာဂျင်တီးနားနှင့် အခြားတောင်အမေရိက နိုင်ငံများမှလည်း ထောက်ခံကြောင်း၊
- ♣ ပဲပုပ်၊ ကော်ဖီနှင့် သကြားတင်ပို့မှုကို ဦးဆောင်ထားသည့် ဘရာဇီးနိုင်ငံသည် စားနပ်ရိက္ခာ ထုတ်လုပ်ရန် ဓာတ်မြေသြဇာတင်သွင်းမှုအပေါ် မှီခိုနေရပြီး လက်ရှိတွင် ဘရာဇီးနိုင်ငံသည် ၎င်း၏ဓာတ်မြေသြဇာသုံးစွဲမှု၏ (၈၅)ရာခိုင်နှုန်းကို တင်သွင်းနေရပြီး ရုရှားသည်၎င်း၏အဓိကတင်သွင်းသူဖြစ်ကြောင်း၊ နိုက်ထရိုဂျင်နှင့် ပိုတက်စီယမ်အတွက် သွင်းကုန် အပေါ်မှီခိုမှုသည် (၉၀)ရာခိုင်နှုန်းကျော်ရှိကြောင်း၊
- ♣ ယခုအခါတွင်အစိုးရသည် အဆိုပါကိစ္စကို ဖြေရှင်းလျက်ရှိပြီး (၂၀၅၀)ခုနှစ်၌ ဓာတ်မြေသြဇာ တင်သွင်းမှုကို (၄၅)ရာခိုင်နှုန်း လျှော့ချရန်ရည်ရွယ်သည့် အမျိုးသားစီမံကိန်းကို (၁၁.၃.၂၀၂၂)ရက်နေ့တွင် စတင်ခဲ့ကြောင်း၊ တစ်နှစ်ကျော်ကြာရေးဆွဲထားသည့် အဆိုပါအစီအစဉ်တွင် ငွေကြေးပေးဆချေမှုပုံစံ credit lines များကမ်းလှမ်းမှုကို တိုးမြှင့်ခြင်း၊ အခွန်ဥပဒေများပြောင်းလဲခြင်းနှင့် ထောက်ပံ့ပို့ဆောင်ရေးမြှင့်တင်ခြင်းစသည့် ဒေသတွင်း ထုတ်လုပ်မှုကို အားပေးသည့် ဆောင်ရွက်မှုများ ပါဝင်ကြောင်း၊
- ♣ သို့သော်အဆိုပါအစီအစဉ်များသည် ပဋိပက္ခကြောင့်ဖြစ်ရသည့် ဓာတ်မြေသြဇာပြတ်လပ်မှုကို အနည်းငယ်သက်သာရာရစေမည့် ရေရှည်အစီအမံများဖြစ်ပြီး ရေတိုအတွက် ဝန်ကြီးသည် "ဓါတ် မြေသြဇာသံတမန်ခင်း" (fertilizer diplomacy)ကို အရှိန်အဟုန်မြင့်စွာ လုပ်ဆောင်လျက်ရှိကြောင်း သိရှိရပါကြောင်း၊
- ♣ ထုတ်လုပ်သည့်နိုင်ငံများနှင့် နိုင်ငံချင်း ဆွေးနွေးညှိနှိုင်းမှုများမှတစ်ဆင့် သွင်းကုန် အနည်းငယ် တိုးလာနိုင်သော်လည်း ဈေးကွက်တစ်ခုလုံး ကျပ်တည်းနေသောကြောင့် ရုရှားမှ တင်သွင်းမှုမရှိခြင်းအတွက် အထောက်အကူမပြုကြောင်း သိရှိရကြောင်း၊
- ♣ ဓာတ်မြေသြဇာနှင့် အခြားသီးနှံသွင်းအားစုများတွင် လုပ်ကိုင်သည့် ကုမ္ပဏီအနည်းငယ်သည် ဈေးနှုန်းအကျပ်အတည်းမှ အခွင့်ကောင်းယူနိုင်သည့်အတွက် ဈေးနှုန်းမြင့်တက်လာခြင်းအပေါ် စိုးရိမ်မှုများ ဖြစ်ပေါ်စေပါကြောင်း (၁၂.၃.၂၀၂၂)တွင် ထုတ်ပြန်ခဲ့သော The Economic Times ကွန်ယက်၏ သတင်းအချက်အလက်များအရ သိရှိရပါသည်။

ဒေါ်ကေရီဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://economictimes.indiatimes.com/small-biz/trade/exports/insights/fertilizer-prices-surge-in-signal-of-worsening-food-inflation/articleshow/90163812.cms

## တိရစ္ဆာန်အစာအတွက် အာရှဆန်ဝယ်လိုအား မြင့်တက်လာမှုကြောင့် စားနပ်ရိက္ခာ ထောက်ပံ့ရေးဆိုင်ရာစိုးရိမ်မှုများ မြင့်တက်လာခြင်း

- ဂျုံနှင့် ပြောင်းဈေးနှုန်းများ မြင့်တက်လာခြင်းသည် အာရှတစ်လွှားရှိ တိရစ္ဆာန်အစာများတွင် အရည်အသွေးနိမ့်ဆန်ဝယ်လိုအားကို မြင့်တက်စေပြီး တစ်ချိန်တည်းမှာပင် နိုင်ငံတကာ အစားအသောက်ကုန်ဈေးနှုန်းများ မြင့်တက်လာခြင်းသည် ကမ္ဘာ့အရေးကြီးဆုံး အဓိကစားနပ်ရိက္ခာ၏ ကုန်ကျစရိတ်များကို မြင့်မားစေကြောင်း၊
- စစ်ဘေးဒဏ်သင့် ယူကရိန်းဆိပ်ကမ်းကို ပိတ်လိုက်ပြီးနောက် ချီကာဂို၏ ဂျုံဈေးကွက်သည် နောက်ဆုံးရက်သတ္တပတ်တွင် ဈေးတက်သွားခဲ့ပြီး အနောက်နိုင်ငံများ၏ ပိတ်ဆို့အရေးယူမှုကြောင့် ရုရှားပို့ကုန်များကို ထိခိုက်ခဲ့ကြောင်း၊
- ဂျုံနှင့် ပြောင်းဈေးနှုန်းမြင့်တက်လာမှုကြောင့် စားသုံးသူများသည်ကမ္ဘာ့အကြီးဆုံးတိရစ္ဆာန်အစာ ဈေးကွက်ဖြစ်သော တရုတ်နိုင်ငံအပါအဝင် အခြားအစားထိုးရွေးချယ်စရာများကို ရှာဖွေခဲ့ကြောင်း၊
- တင်သွင်းသူများသည် ဝက်နှင့် တိရိစ္ဆာန်မျိုးစုံကို အသားတိုးအောင်ကျွေးရန် ထုတ်လုပ်မှုဖြစ်စဉ်အတွင်း ပျက်စီးသွားသောဆန်များ (စပါးကြိတ်ခွဲစဉ်အတွင်း ညှို့ဖျင်းသောဆန်များ)ကို ထပ်မံဝယ်ယူရန် ဆွေးနွေးလျက်ရှိကြောင်း၊
- တစ်ခါတစ်ရံဆန်ကို ဂျုံထက်ဈေးပိုပေးပြီး ရောင်းဝယ်နိုင်သော်လည်း ယခင်လတွင် ဂျုံဈေးနှုန်း (၅၀)ရာခိုင်နှုန်း မြင့်တက်လာခြင်းကြောင့် ကောက်ပဲသီးနှံ နှစ်မျိုးကြားခြားနားမှုကို သိသိသာသာ လျော့ကျစေပြီး အချို့သော တန်းနိမ့်ဆန်များထက် ဂျုံဈေးနှုန်းမှာပို၍ အရေးကြီးကြောင်း၊

**ကမ္ဘာ့ဂျုံနှင့် ပြောင်းဈေးနှုန်းများမြင့်တက်မှုကြောင့် တိရစ္ဆာန်အစာအတွက်ဆန်ဝယ်လိုအား မြင့်မားလာခြင်း**

- လက်ရှိ ဂျုံနှင့် ပြောင်းဈေးကွက်တွင်ဈေးနှုန်းများ ဆက်လက်မြင့်တက်နေမည်ဆိုလျှင် တိရစ္ဆာန်အစာအတွက် ပျက်စီးနေသည့်ဆန်များအပေါ် အာရုံထားမှုများတိုးလာနိုင်မည်ဖြစ်ကြောင်း ရောမမြို့အခြေစိုက် FAO မှ အမေရိကန်စီးပွားရေးပညာရှင် Shirley Mustafa ၏ ပြောကြားချက်အရ သိရှိရကြောင်း၊
- ၎င်းသည် တိရစ္ဆာန်အစာတင်မက ပဲအမျိုးမျိုးသော အသုံးပြုမှုကဏ္ဍများတွင်လည်း အစားထိုးမှုတစ်ခုလည်းဖြစ်လာနိုင်ကြောင်း တရုတ်နိုင်ငံသည် ယခု (၁၂)လအတွင်း ယူကရိန်းပြောင်းတင်သွင်းမှု တန်ချိန် (၂)သန်းအထိ ကြိုတင်စာရင်းသွင်းထားသော်လည်း ယခုအချိန်တွင် ယူကရိန်း၏ ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်အနှောင့်အယှက်များကြောင့် အဆိုပါ တင်ပို့မှုအများစုမှာ အန္တရာယ်ရှိနေကြောင်း၊
- အဆိုပါ မသေချာသောပမာဏကို ကုစားပြင်ဆင်ရန် တရုတ်နိုင်ငံသည်ပျက်စီးဆန် (damaged rice) တန်ချိန်(၃)သန်းခန့် တင်သွင်းရန်ခန့်မှန်းထားပြီး ယခင်(၂)နှစ်ထက် တစ်နှစ်လျှင် တန်ချိန် (၂)သန်းခန့်အထိ တင်သွင်းနိုင်ဖွယ်ရှိကြောင်း Beijing ဆန်ကုန်သည်များ၏ ပြောကြားချက်အရ သိရှိရကြောင်း၊
- Guangdong မှ တင်သွင်းသူတစ်ဦးသည် ထိုင်းနိုင်ငံမှ ပျက်စီးသွားသောဆန်များကို ဝယ်ယူရန် ကြိုးပမ်းနေပြီး အခြားတင်သွင်းသူများသည် တိရစ္ဆာန်အစာအတွက် အိန္ဒိယမှ ပျက်စီးသွားသော ဆန်များကို ဝယ်ယူလျက်ရှိကြောင်း၊
- ပြောင်းဈေးနှုန်းများမြင့်တက်လာမှုကြောင့် အိန္ဒိယနိုင်ငံ၏ ပျက်စီးနေသော ဆန်ဝယ်လိုအားသည် မြင့်တက်လာပြီး အစာထုတ်လုပ်သူများသည် ပြောင်းအစား ဆန်ကို ပြောင်းဝယ်ယူလျက်ရှိကြကြောင်း၊
- ဖေဖော်ဝါရီလတွင် အိန္ဒိယမှ (၁၀၀)ရာခိုင်နှုန်း ပျက်စီးသောဆန်ဈေးနှုန်းသည် တစ်တန်လျှင် ကန်ဒေါ်လာ(၂၉၀)မှ ယခုလတွင် ကန်ဒေါ်လာ(၃၂၀)သို့ မြင့်တက်ခဲ့ကြောင်း၊
- ဆန်ဈေးနှုန်းမြင့်တက်လာခြင်းသည် ဈေးနည်းသော အဓိကအစားအစာများ ရရှိနိုင်မှုအပေါ် မှီခိုနေရ

သည့် အာဖရိကနှင့် အာရှရှိအဆင်းရဲဆုံးနိုင်ငံများအတွက် အစားအစာလုံခြုံမှု စိုးရိမ်မှုကို မြင့်မားလာစေမည်ဖြစ်ကြောင်း (၁၆.၃.၂၀၂၂)တွင် ထုတ်ပြန်ခဲ့သော Business Newspress ကွန်ယက်၏ သတင်းအချက်အလက်များအရ သိရှိရပါသည်။

ဒေါ်စိုးစန္ဒာအောင်၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://businessnewspress.com/2022/03/16/analysis-strong-asian-rice-demand-for-animal-feed-sparks-food-supply-worries/

## အိန္ဒိယနိုင်ငံတွင် စားသုံးဆီဈေးနှုန်းများ တဟုန်ထိုးမြင့်တက်လာ၍ စားသုံးသူများ ဝယ်ယူနိုင်ရန် ခက်ခဲလာခြင်း

- ထုတ်လုပ်မှုအကန့်အသတ်များကြောင့် စားသုံးဆီဈေးနှုန်းများ တဟုန်ထိုးမြင့်တက်လာပြီး ယခုနှစ်တွင် အမြင့်မားဆုံးအခြေအနေသို့ ရောက်ရှိလျက်ရှိပြီး ရက်ပေါင်း (၂၀) အတွင်း အမျိုးအစားအားလုံး၏ စားသုံးဆီဈေးနှုန်းများသည် လက်ကားဈေးကွက်တွင် (၁၅) ကီလိုဂရမ်ဆံ့ ဆီပုံးတစ်ပုံးလျှင် ရူပီး(၂၅၀) မြင့်တက်ခဲ့ကြောင်း၊ နိုင်ငံတကာဈေးကွက်တွင် ရုရှား-ယူကရိန်း ပဋိပက္ခနှင့်အတူ ပဲပုပ်စိုက်ပျိုးမှုလျော့နည်းလာခြင်းကြောင့် ပဲပုပ်ဆီဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း၊
- လက်ကားဈေးကွက်တွင် ပဲပုပ်ဆီကဲ့သို့ စားသုံးဆီသည် တစ်ကီလိုလျှင် (၂,၆၀၀)ရူပီးရှိပြီး ယခင်ရက်(၂၀)ခန့် ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက ရူပီး(၂၅၀) မြင့်တက်ခဲ့ကြောင်းကုန်သည်များထံမှသိရှိရကြောင်း၊
- ယခုအခါတွင် စားအုန်းဆီ(၁၅)ကီလိုဂရမ်လျှင် (၂,၅၅၀)ရူပီးရှိပြီး ကာလတူဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက (၁၅)ကီလိုဂရမ်လျှင် ရူပီး(၂,၂ ၅၀) ရှိကြောင်း၊
- လက်လီဈေးတွင် ပဲပုပ်ဆီတစ်လီတာလျှင် ရူပီး(၁၆၅-၁၇၀)၊ မြေပဲဆီတစ်လီတာလျှင် ရူပီး(၁၈၀ မှ ၁၉၀)၊ နေကြာဆီတစ်လီတာလျှင် ရူပီး(၁၈၀)၊ စားအုန်းဆီတစ်ကီလိုလျှင် ရူပီး(၁၈၀)နှင့် ဖွဲနုဆီတစ်ကီလိုလျှင် ရူပီး(၁၆၀)အထိရှိခဲ့ကြောင်း၊ ဇန်နဝါရီလတွင် ပဲပုပ်ဆီဈေးနှုန်းမှာ (၁၅)ကီလိုဂရမ်လျှင် ရူပီး(၂,၂၅၀)မှ (၂,၁၅၀)ထိ ကျဆင်းခဲ့ကာ စားအုန်းဆီ တစ်ကီလိုလျှင် ရူပီး(၂,၁၅၀)၊ မြေပဲဆီတစ်ကီလိုလျှင် ရူပီး(၂,၂၀၀)နှင့် နေကြာဆီတစ်ကီလိုလျှင် ရူပီး(၂,၀၀၀) အသီးသီးရှိခဲ့ကြောင်း၊
- ထို့အပြင် ဘရာဇီးမှ သီးနှံသစ်များ ဧပြီလအတွင်း ရောက်ရှိလာနိုင်ပြီး စားသုံးဆီဈေးနှုန်းများ ပြောင်းလဲမှုရှိလာနိုင်ကြောင်း (၁၅.၃.၂၀၂၂) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော Nagpur Today သတင်းဆောင်းပါးအရ သိရှိရပါသည်။

ဦးဖုန်းမြတ်ဝင်းမောင်မောင်၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https;//www.nagpurtoday.in/rocketing-edible-oil-prices-pinching-consumers-pockets-hard/03151030

## ရုရှား-ယူကရိန်းတင်းမာမှုများကြား Punjab ဈေးကွက်အတွင်းရှိ ဝါဈေးကွက်အခြေအနေ

- ♣ အစောပိုင်းကာလတွင် ပိုးမွှားဖျက်စီးမှုများကြောင့် ဝါသီးနှံမလုံလောက်မှုများနှင့် ကြုံတွေ့ရချိန်၌ ရုရှား-ယူကရိန်းပဋိပက္ခများဖြစ်ပေါ်ခဲ့သဖြင့် အိန္ဒိယနိုင်ငံ Punjabရှိ ချည်မျှင် ဈေးကွက်သည် မျှော်လင့်ချက်နည်းလာပြီးရုရှား-ယူကရိန်း နှစ်နိုင်ငံအကြား ရှည်ကြာသော တင်းမာမှုများ သည် ပို့ကုန်တင်ပို့မှုကို ပြင်းထန်စွာသက်ရောက်ခဲ့ကြောင်း၊
- ♣ တောင်သူများမှ သိုလှောင်ထားသည့် ကုန်စည်နှင့် ထုတ်လုပ်မှုပမာဏသည် မလုံ လောက်သည့်အတွက် သဘာဝကုန်ကြမ်းချည်မျှင်ဈေးနှုန်းသည် အခြေခံရည်ညွှန်းဈေးနှုန်း(MSP)၏ နှစ်ဆနီးပါးမြင့်တက်ခဲ့ပြီး ဝယ်လက်များသည် အရှုံးမပေါ်အောင်ဂရုစိုက်၍ ဝယ်ယူကြသဖြင့် Punjab ဈေးကွက်တွင် တစ်ကီလိုလျှင် ရူပီး(၁၀)အထိဈေးနှုန်း ကျဆင်းခဲ့ကြောင်း၊
- ♣ Punjabဈေးကွက်တွင် (၁၀၀)ကီလိုဂရမ်လျင် ရူပီး(၁၀,၅၀၀)ရှိခဲ့ပြီး အလယ်အလတ် တန်းစား ဝါအမျိုးအစားအတွက် အခြေခံရည်ညွှန်းဈေးနှုန်း(MSP)မှာ (၁၀၀)ကီလိုဂရမ်လျင် ရူပီး(၅,၇၂၆)နှင့် ချည်မျှင်ရှည်ဝါအတွက်ဈေးနှုန်းမှာ (၁၀၀)ကီလိုဂရမ်လျင် ရူပီး(၆,၀၂၅)ဖြင့် ရောင်းဝယ်လျက်ရှိခဲ့ရာ ယခုအခါတွင် (၁၀၀)ကီလိုဂရမ်လျှင်ရူပီး (၉,၅၀၀)သို့ ဈေးနှုန်းကျဆင်းခဲ့ကြောင်း၊
- ♣ မကြာမီတွင် အိန္ဒိယနိုင်ငံ Rajasthan၌ ဝါထုပ်လုပ်မှုပမာဏကျဆင်းခြင်းကြောင့် ဝါဈေးနှုန်းများမှာ တစ်ကီလိုဂရမ်လျှင် (၈)ရူပီးမြင့်တက်ခဲ့ပြီး နိုဝင်ဘာလနှင့် ဒီဇင်ဘာလ တွင် ဝယ်လိုအားမြင့်မားမှုနှင့်အတူ အထွက်နှုန်းကျဆင်းခြင်းကြောင့် သဘာဝချည်မျှင် ဈေးနှုန်းသည် တစ်ကီလိုလျှင် ရူပီး(၁၀.၅၀)သို့ မြင့်တက်လာစေကြောင်း၊
- ♣ ဈေးနှုန်းပိုမိုမြင့်တက်လာခြင်းကြောင့် ဝါဂွမ်းစက်ပိုင်ရှင်များသည် တောင်သူများဆီမှ တိုက်ရိုက်ဝယ်ယူရန် ကျေးရွာများအထိ သွားရောက်ခဲ့ကြောင်း၊ ဈေးနှုန်းများ တဟုန်ထိုး မြင့်တက်လာနိုင်သည်ကို မျှော်မှန်း၍ တောင်သူများသည် သီးနှံများကို သိုလှောင်ထားကြကြောင်း ဝါစိုက်တောင်သူတစ်ဦးမှ ပြောကြားခဲ့ကြောင်း၊
- ♣ ထို့နောက် ရုတ်တရက်ဈေးနှုန်းများ ကျဆင်းသွားသော်လည်း ဈေးနှုန်းများမှာ မြင့်မားနေဆဲဖြစ်ပြီး တောင်သူများသည် အမြတ်အစွန်းများ ရရှိနေဆဲဖြစ်ကြောင်း၊ သို့သော်လည်း နိုင်ငံတကာဈေးကွက်တွင် ဈေးနှုန်းများကျဆင်းနေပြီဖြစ်၍ ပြည်တွင်း၊ပြည်ပ ဈေးနှုန်းကွာဟချက်မှာ ပမာဏအနည်းငယ်သာဖြစ်တော့မည်ဖြစ်ကြောင်း အခြားဝါစိုက်တောင်သူတစ်ဦးမှ ပြောကြားခဲ့ကြောင်း၊
- ♣ ဆောင်းရာသီ (kharifseason) တွင် ဝါသီးနှံစိုက်ဧရိယာ ဟက်တာပေါင်း(၃.၅)သိန်း ရှိခဲ့ပြီး(၆)နှစ်တာအတွင်းအများဆုံးဖြစ်ခဲ့ပြီး ယခင်နှစ်ထက် ဟက်တာ(၁)သိန်းမြင့်တက်ခဲ့ကြောင်း၊ အထွက်နှုန်းများစွာမျှော်မှန်းထားသော်လည်း အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းနှင့် နောက်ပိုင်းတွင် bollworm ပိုးဖလံကျရောက်ဖျက်ဆီးမှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ခဲ့ကြောင်း၊ (၂၀၂၀)ခုနှစ်တွင် ဈေးကွက်သို့ စုစုပေါင်းဝါအထုပ် bales(၆၄.၈၅)သိန်း ရောက်ရှိခဲ့သော်လည်း(၂၀၂၁)ခုနှစ်တွင် bales (၄၈.၂၀) သိန်းအထိ ကျဆင်းခဲ့ကြောင်း၊
- ♣ ဝါဈေးနှုန်းရုတ်တရက်ကျဆင်းခြင်းသည် ရုရှားနှင့် ယူကရိန်းနိုင်ငံအကြား ဖြစ်ပွားနေသော တင်းမာမှုများနှင့်ဆက်စပ်လျက်ရှိကြောင်း၊ ၎င်းသည် နိုင်ငံတကာဈေးကွက်ရှိ ဝါဈေးနှုန်းများကို ထိခိုက်စေကြောင်းနှင့် နိုင်ငံတကာဈေးကွက်တွင် ရုတ်တရက်ဈေးနှုန်း ကျဆင်းခြင်းလာပါက ဒေသတွင်းဈေးကွက်တွင်လည်း ဈေးနှုန်းကျဆင်းသွားမည်ဖြစ်ကြောင်း အိန္ဒိယဝါအသင်းအဖွဲ့မှ အတွင်းရေးမှူးဖြစ်သူ Jitender Singhမှပြောကြားခဲ့ကြောင်း၊
- ♣ အိန္ဒိယဝါကော်ပိုရေးရှင်းသည် အထည်အလိပ် များအတွက် အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် ဝယ်ယူထားကြောင်း၊ တောင်သူများသည် သိုလှောင်ထားသမျှသောထွက်ကုန်များကို ဧပြီလဈေးကွက် အတွင်းသို့ ရောင်းချလိမ့်မည်ဖြစ်ကြောင်း(၁-၃၀၂၀၂၂) ရက်နေ့တွင် ထုတ်ဝေသောThe Indian Express သတင်းစာ၏ သတင်းအချက်အလက်များအရသိရှိရပါသည်။

ဒေါ်နွေးနွေးအောင်၊စိုက်ပျိုးရေးဦးစီးဌာန

Source: https://indianexpress.com/article/cities/ludhiana/in-punjab-markets-an-unlikely-victim-of-russia-ukraine-tension-cotton

## ရုရှား-ယူကရိန်းပဋိပက္ခကြောင့်ကမ္ဘာ့ကော်ဖီဈေးကွက်ကိုထိခိုက်လာ၍ အာရှကော်ဖီဈေးကွက်ရှိ ဗီယက်နမ်ကော်ဖီ ဈေးနှုန်းများ ကျဆင်းလာခြင်း

- ယခင်အပတ် ကြာသပတေးနေ့တွင် ဗီယက်နမ်ပြည်တွင်း ကော်ဖီဈေးနှုန်းများ ကျဆင်းခဲ့ပါကြောင်း၊ ထိုကဲ့သို့ဖြစ်ရခြင်းမှာ လက်ရှိဖြစ်ပေါ်နေသည့် ရုရှား-ယူကရိန်းပဋိပက္ခကြောင့် ရောင်းလိုအားကွင်းဆက်တစ်လျှောက်ရှိ ငွေပေးချေနိုင်မှုနည်းလမ်းများတွင် အခက်အခဲကြုံတွေ့ရမှုနှင့် စက်သုံးဆီ ဈေးနှုန်းများကြောင့်ဖြစ်ကြောင်း ကုန်သည်များ၏ ပြောကြားချက်အရ သိရှိရကြောင်း၊
- ကမ္ဘာ့ကော်ဖီဈေးနှုန်းများ တစ်စိတ်တစ်ပိုင်းအားဖြင့် ကျဆင်းသွားခြင်းသည် ရုရှား-ယူကရိန်းအရေးကြောင့်ဖြစ်ကြောင်း ကော်ဖီလုပ်ငန်းအခြေစိုက်ပို့ကုန်လုပ်ငန်းရှင်တစ်ဦးမှ ပြောကြားခဲ့ကြောင်း၊
- ဗီယက်နမ်နိုင်ငံရှိ အဓိကကော်ဖီစိုက်ပျိုးရာ ဒေသဖြစ်သည့် အလယ်ပိုင်းကုန်းမြင့်ဒေသမှ တောင်သူများသည် COFVN-DAK ကော်ဖီကို တစ်ကီလိုလျှင် ဒေါင် (၃၈,၉၀၀-၄၁,၀၀၀) (ဒေါ်လာ၁.၇၀-၁.၈၀)ထိ

ရောင်းခဲ့ရပြီး ယခင်အပတ်ရောင်းချရမှုထက် ဒေါင် (၄၀,၆၀၀-၄၁,၈၀၀)ထိကျဆင်းခဲ့ကြောင်း၊

- အခြားကုန်သည်တစ်ဦးမှ ၎င်း၏တင်ပို့မှုအချို့သည် ဆိပ်ကမ်းတွင် ပိတ်မိနေပြီး ပို့ဆောင်နိုင်ခြင်း မရှိသေးကြောင်း၊ ဗီယက်နမ်နိုင်ငံရှိကုန်သည်များသည် ဇူလိုင်လထိစာချုပ်အရ (5% black and broken-grade 2 Robusta) COFVN-G25-SAI ကို တစ်တန်လျှင် (၃၂၅) ဒေါ်လာဈေးလျှော့ပေးခဲ့ကာ ယခင်အပတ်တွင် ဒေါ်လာ(၃၃၀) မှ (၃၄၀) ထိကိုပင် ဈေးလျှော့ပေးခဲ့ကြောင်း၊
- ယခုနှစ်ပထမ(၂)လအတွင်း ဗီယက်နမ်နိုင်ငံ၏ ကော်ဖီတင်ပို့မှုသည် တန်ချိန်(၂၉၃,၀၀၀)ရှိပြီး ယခင်နှစ်ထက် (၃.၄)ရာခိုင်နှုန်း မြင့်တက်လာဖွယ်ရှိကြောင်း၊ ဖေဖော်ဝါရီလအတွင်း ကော်ဖီတင်ပို့မှုမှာ တန်ချိန် (၁၃၀,၀၀၀)ခန့် တင်ပို့နိုင်ပြီး တန်ဖိုးအားဖြင့်ကန်ဒေါ်လာ(၃၀၄)သန်းရှိကြောင်း တရားဝင်အချက်အလက်များအရသိရှိရကြောင်း၊
- ယခင်အပတ်တွင် မတ်လနှင့် ဧပြီလစာချုပ်များ၏ ကော်ဖီဈေးနှုန်းများကိုဒေါ်လာ (၁၇၀)လျှော့ဈေးပေးခဲ့ပြီးမေလစာချုပ်အတွက်ဒေါ်လာ(၂၀၀)လျှော့၍ ရောင်းချခဲ့ရကြောင်း (၇.၃.၂၀၂၂)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော Reuters ကွန်ယက်၏ သတင်းဆောင်းပါး အရ သိရှိရပါသည်။

ဦးဖုန်းမြတ်ဝင်းမောင်မောင်၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.nasdaq.com/articles/asia-coffee-vietnam-prices-drop-as-russia-ukraine-conflict-hits-global-markets

## ၂၀၂၂ ခုနှစ်၊ မတ်လဒုတိယ(၁၅)ရက်အတွင်း ဆန်ဈေးနှုန်းများ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ အိတ်-၃၀ပိဿာ-တစ်တင်းခွဲ) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | စစ်ကိုင်း | ဧရာဝတီ |
| မနော်သုခ | ၃၂၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၄၃၀၀၀ | ၃၀၀၀၀ |
| ဆင်းသုခ | ၃၂၀၀၀ | ၃၃၀၀၀ | ၃၈၀၀၀ | ၄၃၀၀၀ | ၃၀၀၀၀ |
| ဧရာမင်း | ၄၆၀၀၀ | ၃၃၀၀၀ | ၄၈၀၀၀ | ၆၀၀၀၀ | ၃၂၀၀၀ |
| ပေါ်ဆန်း | ၆၄၀၀၀ | ၄၆၀၀၀ | ၆၃၅၀၀ | ၆၅၀၀၀ | ၅၀၀၀၀ |

## ၂၀၂၂ ခုနှစ်၊ မတ်လဒုတိယ(၁၅)ရက်အတွင်း စားသုံးဆီဈေးနှုန်းများ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ ပိဿာ) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | စစ်ကိုင်း | ရှမ်း |
| မြေပဲဆီ | ၁၀၀၀၀ | ၁၂၀၀၀ | ၉၆၀၀ | ၁၀၀၀၀ | ၁၂၀၀၀ |
| နှမ်းဆီ | ၁၀၀၀၀ | ၁၀၀၀၀ | ၉၃၀၀ | ၉၀၀၀ | ၁၂၀၀၀ |
| နေကြာဆီ | ၉၅၀၀ | ၁၀၀၀၀ | ၈၆၀၀ | ၁၁၀၀၀ | ၁၂၀၀၀ |
| စားအုန်းဆီ | ၇၅၀၀ | ၆၅၀၀ | ၈၀၀၀ | - | ၇၀၀၀ |
| ပဲပုတ်ဆီ | - | - | - | ၈၀၀၀ | ၈၅၀၀ |

## မြန်မာ့ပဲမျိုးစုံတင်ပို့မှုအခြေအနေ

၂၀၂၂ ခုနှစ် မတ်လပထမပတ်နှင့် ဒုတိယပတ် အတွင်း တင်ပို့မှုနှိုင်းယှဉ်ချက်

| ပဲမျိုးစုံ | ရေတွက်ပုံ | တင်ပို့မှု | | |
|---|---|---|---|---|
| | | မတ်လ ပထမပတ် | မတ်လ ဒုတိယပတ် | အတိုး/ အလျော့ |
| မတ်ပဲ | US$ | ၁၃.၁၀၈ | ၁၆.၂၄၂ | (+)၃.၁၃၄ |
| | ကီလို | ၁၈၇၅၈.၀၈၂ | ၂၂၉၅၁.၉၈၇ | (+)၄၁၉၃.၉၀၅ |
| ပဲတီစိမ်း | US$ | ၂၃.၆၅၉ | ၂၂.၄၀၅ | (-)၁.၂၅၄ |
| | ကီလို | ၃၁၂၂၆.၉၄၁ | ၃၀၄၃၆.၄၉၉ | (-)၇၉၀.၄၄၂ |
| ပဲစဉ်းငုံ | US$ | ၄.၈၁၇ | ၈.၄၂၁ | (+)၃.၆၀၄ |
| | ကီလို | ၇၀၉၂.၅ | ၁၂၄၃၁.၆၅ | (+)၅၃၃၉.၁၅ |
| ကုလားပဲ | US$ | ၀.၁၆၇ | ၀.၃၀၆ | (+)၀.၁၃၉ |
| | ကီလို | ၂၇၃.၄၈ | ၅၄၂.၄၉ | (+)၂၆၉.၀၁၀ |
| ပဲလွန်းဖြူ | US$ | ၁.၈၇၄ | ၁.၅၈၉ | (-)၀.၂၈၅ |
| | ကီလို | ၂၈၃၉.၆၇၂ | ၂၅၈၆.၃၄ | (-)၂၅၃.၃၃၂ |
| မြေထောက်ပဲ | US$ | ၂.၂၄၁ | ၃.၁၀၄ | (+)၀.၈၆၃ |
| | ကီလို | ၂၉၁၉.၃၇ | ၄၀၇၂.၇၈၆ | (+)၁၁၅၃.၄၁၆ |
| ထောပတ်ပဲ | US$ | ၀.၃၆၅ | ၀.၀၃၈ | (-)၀.၃၂၇ |
| | ကီလို | ၅၀၈.၀၅ | ၄၂.၀၀ | (-)၄၆၆.၀၅ |
| ပဲယင်း | US$ | ၃.၉၀၁ | ၃.၆၉၁ | (-)၀.၂၁ |
| | ကီလို | ၅၃၅၃ | ၅၀၅၃.၅၅၁ | (-)၂၉၉.၄၄၉ |
| ပဲကြီး | US$ | ၀.၀၀၂ | ၀.၀၃၃ | (+)၀.၀၃၁ |
| | ကီလို | ၄.၇၅ | ၅၀.၀၀ | (+)၄၅.၂၅ |
| ပဲဖြူလေး | US$ | ၀.၂၁ | ၀.၀၀ | (-)၀.၂၁ |
| | ကီလို | ၂၈၀.၀၀ | ၀.၀၀ | (-)၂၈၀.၀၀ |
| ဘိုကိတ်ပဲ | US$ | ၀.၉၇၄ | ၁.၀၈၂ | (+)၀.၁၀၈ |
| | ကီလို | ၁၄၂၀.၅၁၈ | ၁၇၀၄.၇၆၄ | (+)၂၈၄.၂၄၆ |
| မြေပဲ (အခွံပါ) | US$ | ၀.၁၅၁ | ၀.၁၆၅ | (+)၀.၀၁၄ |
| | ကီလို | ၂၆၅.၈၃၅ | ၂၁၈.၁၂၇ | (-)၄၇.၇၀၈ |
| မြေပဲဆံ | US$ | ၁.၁၄၆ | ၁.၃၀ | (-)၀.၁၁၆ |
| | ကီလို | ၁၄၉၃.၂၀၆ | ၁၃၅၃.၅၇၅ | (-)၁၃၉.၆၃၁ |
| အခြားပဲ | US$ | ၀.၀၀၁ | ၀.၀၀ | (-)၀.၀၀၁ |
| | ကီလို | ၀.၃၀ | ၀.၄၂ | (+)၀.၁၂ |
| စုစုပေါင်း | US$ | ၅၂.၈၈၆ | ၅၈.၃၇၆ | (+)၅.၄၉ |
| | ကီလို | ၇၂၄၃၅.၇၀၄ | ၈၁၄၄၄.၁၈၉ | (+)၉၀၀၈.၄၈၅ |

Source: ကုန်သွယ်ရေးဦးစီးဌာန၊ MOC

## ၂၀၂၂ ခုနှစ်၊ မတ်လဒုတိယ(၁၅)ရက်အတွင်း စိုက်ပျိုးရေးသွင်းအားစုဈေးနှုန်းများ

### ဓါတ်မြေဩဇာ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ အိတ်-၅၀ကီလို) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | စစ်ကိုင်း | ဧရာဝတီ | ရှမ်း |
| ယူရီးယား | | | | | |
| - မြင်းပျံ | ၈၅၀၀၀ | ၈၅၀၀၀ | ၉၀၀၀၀ | ၉၅၀၀၀ | ၈၉၀၀၀ |
| - ရွှေတောင် | ၈၀၀၀၀ | ၈၅၀၀၀ | ၈၇၀၀၀ | ၉၃၀၀၀ | ၈၆၀၀၀ |
| - ဩဘာ/ ကောမက် | ၈၀၀၀၀ | ၈၅၀၀၀ | ၉၄၀၀၀ | ၉၅၀၀၀ | ၈၆၀၀၀ |
| - ရွှေနဂါး | ၈၅၀၀၀ | ၈၀၀၀၀ | ၉၀၀၀၀ | ၉၄၀၀၀ | - |
| - ဝိစာရ | ၇၅၀၀၀ | ၈၉၀၀၀ | ၉၀၀၀၀ | ၉၆၀၀၀ | ၈၇၀၀၀ |
| တီစူပါ | | | | | |
| - သံကွင်း | - | ၈၀၀၀၀ | ၈၃၀၀၀ | ၈၅၀၀၀ | ၇၅၀၀၀ |
| - အာမို | ၇၀၀၀၀ | ၈၁၀၀၀ | ၈၂၀၀၀ | ၉၀၀၀၀ | ၇၅၀၀၀ |
| - ဩဘာ/ ကောမက် | ၇၆၀၀၀ | ၈၃၀၀၀ | ၈၅၀၀၀ | ၇၆၀၀၀ | ၈၂၀၀၀ |
| - ဝိစာရ | ၇၂၀၀၀ | ၈၀၀၀၀ | ၈၂၀၀၀ | - | - |
| ပိုတက်ရှ် | | | | | |
| - မာကိုတာ | - | ၈၉၀၀၀ | ၉၂၀၀၀ | ၈၀၀၀၀ | ၇၈၀၀၀ |
| - ဝိစာရ | - | ၈၅၀၀၀ | ၉၂၀၀၀ | - | - |
| - အာမို | ၈၅၀၀၀ | ၈၅၀၀၀ | ၉၄၀၀၀ | ၉၅၀၀၀ | ၇၈၀၀၀ |
| - ဩဘာ | - | ၈၅၀၀၀ | ၉၆၀၀၀ | ၉၀၀၀၀ | - |
| ကွန်ပေါင်း | | | | | |
| - ဩဘာ/ ကောမက် | ၈၂၀၀၀ | ၈၀၀၀၀ | ၈၄၀၀၀ | ၉၆၁၀၀ | ၈၂၀၀၀ |
| - အာမို | ၈၂၀၀၀ | ၈၂၀၀၀ | ၈၁၀၀၀ | ၉၆၈၀၀ | ၈၂၀၀၀ |
| - ဝိစာရ | ၈၀၀၀၀ | ၈၀၀၀၀ | ၈၄၀၀၀ | ၉၅၆၀၀ | ၈၂၀၀၀ |
| - ရွှေနဂါး | - | ၈၀၀၀၀ | ၇၉၀၀၀ | ၉၆၀၀၀ | - |
| - သံကွင်း | - | ၈၂၀၀၀ | ၇၉၀၀၀ | ၉၃၀၀၀ | ၈၀၀၀၀ |

### စပါးမျိုးစေ့

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ တင်း-၄၆ပေါင်) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | စစ်ကိုင်း | ဧရာဝတီ |
| မနော်သုခ | ၁၇၀၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၁၂၀၀၀ | ၁၂၀၀၀ |
| ဆင်းသုခ | ၁၇၀၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ |
| ဧရာမင်း | ၂၀၀၀၀ | ၁၁၀၀၀ | ၁၃၅၀၀ | ၁၅၀၀၀ | ၁၂၀၀၀ |
| ပေါ်ဆန်း | ၁၈၀၀၀ | ၁၆၀၀၀ | - | ၁၆၀၀၀ | ၁၅၀၀၀ |

စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ
(Agriculture Market Bulletin) Market Information System စိုက်ပျိုးရေးဦးစီးဌာန
ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်

*မှာယူမည်ဆိုပါက အမည်၊ လုပ်ငန်း/အဖွဲ့အစည်း၊ ဆက်သွယ်ရန် လိပ်စာတို့နှင့်အတူ ဈေးကွက်သတင်းအချက်အလက်စနစ်ဌာနစိတ်၊ စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်သို့ ဆက်သွယ်မှာယူနိုင်ပါသည်။

ဖုန်း - ၀၆၇ ၃၄၁၀၅၃၈, Email: doamisppme@gmail.com